The Essence

mgyoe.com

# မောင်ဒိုးခ ရဲ့
# တွေးတွေးဆဆ
# ဟာသများ



mgyoe.com

**အသက်ရှည်ချင်ရတဲ့ အကြောင်းရင်း**

တပည့်။ ။ ဆရာမရှင့်. . . သမီးကို လွန်ခဲ့တဲ့ နှစ် ၂၀၀၀ လောက် ကတည်းက မွေးခဲ့ရင် သိပ်ကောင်းမှာပဲနော်။

ဆရာမ ။ ။ ဟဲ့. . . မိုနီကာ. . . ဘယ်လိုဖြစ်လို့တုံး။

တပည့်။ ။ ဒါမှ သမိုင်းဘာသာမှာ ကျွန်မကျက်ရမှာ နည်းသွားမှာလေ။

**နိုင်တဲ့အကောင် ကင်ခဲ့စမ်း**

ဦးကကြီး။ ။ ဟေ့သူငယ်. . . ဟေ့သူငယ်. . . ဟေ့ စားပွဲထိုး သူငယ်. . . မင်းယူလာတဲ့ ပင်လယ်ပုစွန်ကင်က ခြေထောက် တစ်ဖက်ပဲ ပါပါလား။

စားပွဲထိုး။ ။ ဟုတ်ကဲ့ပါဆရာ. . . အရှင်ဘဝမှာ တုန်းက ပုစွန် နှစ်ကောင်သတ်ကြတော့ ဆရာ့ကိုကင်ပေးတဲ့ ပုစွန်ခြေတစ်ချောင်း ပြတ်သွားပါတယ်။

ဦးကကြီး။ ။ ဟော. . . ဒါဆို နိုင်တဲ့အကောင် ရှာပြီး ကင်လာခဲ့စမ်း။



E00008
900.00 KS

mgyoe.com


| | |
|---|---|
| မျက်နှာဖုံး | - အမ်အက်စ်အို |
| ထုတ်ဝေသူ | - ဦးစန်းဦး(မြဲ-၀၃၈၂၃)၊ |
| | - စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်းတာမွေ။ |
| ပုံနှိပ်သူ | - ဒေါ်ဝင်းမာ(မြဲ-၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | - ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |
| စာအုပ်ချုပ် | - ဦးမြင့်၊ ညိဝင်းမြင့် |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၁၈၊ ဩဂုတ်လ

မောင်ဒိုးခ

တွေးတွေးဆဆဟာသများ။ – ရန်ကုန်။

စာမျက်နှာ ၁၃၈ မျက်နှာ၊

၁၀ .၅ စင်တီ× ၁၆ .၅ စင်တီ

(၁) တွေးတွေးဆဆဟာသများ


mgyoe.com

mgyoe.com

မောင်ဒိုးခ

# တွေးတွေးဆဆဟာသများ

တန်ဖိုး – ၉၀၀ ကျပ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မင်းအရူးလား

တိရစ္ဆာန်ချစ်တတ်တဲ့ ကောလိပ်ကျောင်းသား တစ်ယောက် ကြက်တူရွေးဖို့ အိမ်မွေးတိရစ္ဆာန်ဆိုင်ထဲ ဝင်သွားတယ်။ ဆိုင်ရှင်က ဟိုပြ ဒီပြနဲ့ နောက်ဆုံး ကြက်တူရွေးလေးတစ်ကောင် သွားတွေ့တယ်။ အဲဒီ ကြက်တူရွေးလေးရဲ့ ခြေထောက်နှစ်ဖက်ကို တစ်ဖက် ကို ကြိုးတစ်ချောင်းစီနဲ့ ချည်ထားတယ်။ တစ်ဖက်ကို အနီရောင်ကြိုး၊ တစ်ဖက်ကို အပြာရောင်ကြိုးနဲ့ ချည် ထားတာ။

ကောလိပ်ကျောင်းသား ။ ။ ဘာဖြစ်လို့ ခုလို တစ်ဖက်ကြိုးတစ် ချောင်း ချည်ထားရ တာလဲ။

mgyoe.com

mgyoe.com




ဆိုင်ရှင် ။ ။ ခင်ဗျား အနီရောင်ကြိုးကို ဆွဲလိုက်ရင် ကြက်တူရွေးက ပြင်သစ်လို နှုတ်ဆက်လိမ့်မယ်။

ကောလိပ်ကျောင်းသား ။ ။ အပြာရောင်ကြိုးကို ဆွဲလိုက်ရင်ရော…

ဆိုင်ရှင် ။ ။ အပြာရောင်ကြိုးကို ဆွဲလိုက်ရင် အီ

mgyoe.com

mgyoe.com


တလီကို နှုတ်
ဆက်လိမ့်မယ်။

ကောလိပ်ကျောင်းသား ။ ။ကြိုးနှစ်ချောင်း
စလုံးကို ဆွဲလိုက်
ရင်ရော။

ဒီတစ်ခါ ပြန်ဖြေတာ ဆိုင်ရှင်မဟုတ်ဘူး။ ကြက်တူရွေးကိုယ်တိုင်ပဲ။

ကြက်တူရွေး ။ ။မင်း အရူးလား၊ ငါ
ပြုတ်ကျမှာပေါ့။

❖

mgyoe.com

mgyoe.com


## သိနေတယ်လေ

အမေရိကန်နိုင်ငံ၊ အရီဇိုးနားပြည်နယ်ဆိုတာက ကောင်းဘွိုင်တွေ လှုပ်ရှားခဲ့လို့ သိပ်နာမည်ကြီးတာ ပေါ့။ တစ်နေ့မှာ ကမ္ဘာလှည့်ခရီးသည်တွေ အရီဇိုးနား ပြည်နယ်ကို ရောက်လာကြတယ်။ ဟိုဟိုဒီဒီလှည့် ကြည့်ရင်း သူတို့ တွေ့လိုက်ရတာက ကောင်းဘွိုင် ကြီးတစ်ယောက် မြေကြီးပေါ်လှဲပြီး မြင်းခွာသံတွေကို နားထောင်နေတယ်။ ဒီလိုနားထောင်ရင်းနဲ့...

ကောင်းဘွိုင် ။ ။ မြင်းနှစ်ကောင်၊ တစ်ကောင် က အုန်းခွံရောင်၊ တစ်ကောင် က မီးခိုးရောင်။ အဲဒီနှစ် ကောင်ကတော့ မြင်းရထားကို မောင်းတာက လူနှစ်ယောက်၊

mgyoe.com

mgyoe.com



တစ်ယောက်က ရုပ်အကျီ
အနီကွက်၊ နောက်တစ်
ယောက်က ရုပ်အကျီအနက်
ကွက်။ သူတို့ ဦးတည်သွား
နေတာက အရှေ့ဘက်။

ကမ္ဘာလှည့် ။ ။ ဆရာကြီး... သေချာလှချည်
လား။

ကောင်းဘွိုင် ။ ။ သေချာဆို ခုနလေးတင်
ကျွန်တော့်ကို ဖြတ်နင်းသွား
တာကို။

❖

mgyoe.com

mgyoe.com


## ကောင်းကင်ဘုံ မသွားချင်ပါ

ခရစ်ယာန်ဘာသာရေးဆရာက မူကြိုကျောင်းသားလေးတွေကို ဟောပြောပို့ချနေတယ်။ ကောင်းတဲ့လူ ကောင်းကင်ဘုံသွားရမယ်ပေါ့။

ဆရာ ။ ။ ကဲ… လူလေးတို့ သိပြီနော်။ ကောင်းမွန်မြင့်မြတ်တဲ့သူသာ ကောင်းကင်ဘုံ သွားရတယ်နော်။

မူကြိုကျောင်းသားများ ။ ။ ဟုတ်ကဲ့ပါ ဆရာကြီး။


ဆရာ ။ ။ ကဲ… ကောင်းကင်ဘုံသွားချင်တဲ့သူ လက်ညှိုးထောင်ကြ။

မူကြိုကျောင်းသားအားလုံးလိုလို လက်ညှိုးထောင်

mgyoe.com

mgyoe.com





လိုက်ကြတယ်။ အတန်းထောင့်ဆုံးမှာ ထိုင်နေတဲ့ ဒင်နီရယ်ကလွဲလို့ပေါ့။

ဆရာ ။ ။ ကဲ... ဒင်နီရယ် ဘာကြောင့် လက်ညှိုးမထောင်သလဲ။

ဒင်နီရယ် ။ ။ အမေက ကျောင်းဆင်းရင် အိမ်တန်းပြန်လာရမယ်လို့ မှာထားလို့ပါ ဆရာကြီး။

❖

mgyoe.com

mgyoe.com


## ဘာရမလဲ

စည်ဘီယာဆိုင် အရောင်းမြှင့်တင်ဖို့ သူဌေး ကိုကြွက်နီ အကြံထုတ်နေပါတယ်။ အဲဒီမှာ သူရလိုက်တဲ့ အကြံက စည်ဘီယာတစ်ပိုင့်ကို တစ်ဘရိတ်တည်းနဲ့ သောက်နိုင် မသောက်နိုင် စိန်ခေါ်ဖို့ပါ။ သောက်နိုင်ရင် ဆုငွေ ၅၀,၀၀၀ ရမယ်။ မသောက်နိုင်ရင် သူ့ကို ၅,၀၀၀ ပဲ ပြန်ပေးရမယ်ပေါ့။ အဲဒီမှာ ခပ်ဝဝ တုတ်တုတ် ထောင်ထောင်မောင်းမောင်းပုဂ္ဂိုလ်ကြီး တစ်ယောက်က လက်ညှိုးထောင်တယ်။

ကိုကြွက်နီ။ ။ ဆရာကြီး တစ်ဘရိတ်တည်း သောက်ရမှာနော်။

ဝတုတ် ။ ။ စိန်လိုက်လေ... ဒါပေမဲ့ ခဏလေး စောင့်လိုက်ဦး။ အပြင်ခဏသွားလိုက်ဦးမယ်။

mgyoe.com

mgyoe.com






ကိုကြွက်နီ။ ။ ဆရာကြီး သိပ်မကြာနဲ့နော်...

ဝတုတ် ။ ။ ငါးမိနစ်၊ လွန်ရောကျွံရော ၁ဝ မိနစ်ပေါ့။

ကိုကြွက်နီ။ ။ အိုကေ။

ခုနစ်မိနစ်လောက်ကြာတော့ ထောင်ထောင်မောင်းမောင်း ဝဝတုတ်တုတ်လူကြီး ပြန်ဝင်လာတယ်။ ကောင်တာကို သွားတယ်။ စည်ဘီယာတစ်ပိုင့်ကို သောက်လိုက်တာမှ ကြွက်တွင်းကြီးကျနေတာပဲ။ တရယော။ ငါးမိနစ် မကြာလိုက်ဘူး။ စည်ဘီယာ တစ်ပိုင့်ကုန်သွားတယ်။ အဲဒီမှာ ဆိုင်ထဲရှိတဲ့ ဖိုးသမားတွေဆိုတာ လက်ခုပ်လက်ဝါးတဖြောင်းဖြောင်းနဲ့ပေါ့။ ပိုင်ရှင် ကိုကြွက်နီကလည်း သူ့အရောင်းမြှင့်တင်ရေးအောင်မြင်လို့ ဝတုတ်ကြီးကို ဆုငွေ ၅ဝ,ဝဝဝ ပေးလိုက်တယ်။ ပြီးတော့မှ။

mgyoe.com

mgyoe.com


ကိုကြွက်နီ။ ။ ဆရာကြီး ခုနက ဘာသွားလုပ်တာလဲ။

ဝဲဟုတ် ။ ။ စည်ဘီယာတစ်ပိုင့် ကုန်မကုန် စမ်းသပ်ချင်လို့ ရေတစ်ပုံးသွားသောက်ကြည့် လိုက်တာပါ ဆရာကြီး။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




ဒေါ်လာ ၉၀...

ရှေ့နေ ။ ။ နေဦး... နေဦး... မောင်ရင့်ကိုယ်ရှင်းပြမယ်။ တစ်နေ့က တယ်လီဖုန်းလာတော့ မောင်ရင့်ဆီကထင်ပြီး ကိုယ်အပြေးလာခဲ့တယ်။ အဲဒီမှာ အိမ်ရှေ့က မြက်ခင်းကို ဖြတ်လိုက်ရတယ်။ ပေးလိုက်ရတာ ၄၅ ဒေါ်လာ။ ဒါပေမဲ့ ဒီရောက်တော့ မောင်ရင်

mgyoe.com

mgyoe.com


မဟုတ်မှန်းသိပြီး ရုံးကို အပြေးပြန်သွားရပြန်တယ်။ အဲဒီမှာ မြက်ခင်းကို ထပ်ဖြတ်လို့ ပေးလိုက်ရတာ ၄၅ ဒေါ်လာ။ စုစုပေါင်း ဒေါ်လာ ၉၀။ မောင်ရင် ကိုယ့်ကို ပေးပေတော့။

❖

mgyoe.com

mgyoe.com


မောင်ဖြူ ။ ။ ကျွန်တော် မိနစ် ၂၀ စာပဲ ရေးပေးလိုက်တာပါဆရာ။

အကြီးအကဲ ။ ။ ဒါဖြင့် ဒီစာရွက်တွေက...

မောင်ဖြူ ။ ။ အဲဒါ မလိုလဲလိုလဲ ဆရာ့ မူရင်းမိန့်ခွန်းပျောက်သွားရင် အခက်အခဲ မတွေ့အောင် အပိုနှစ်စုံ ကော်ပီကူးပေး လိုက်တာပါ။

❖

mgyoe.com

mgyoe.com


# အနီးဆုံးဆရာဝန်နဲ့ တိုင်ပင်ပါ

ကျွန်တော့်အဖေဟာ ဆရာဝန်ကြီးပါ။ တစ်နေ့မှာ သူ့ကားထိုင်ခုံခါးပတ်ချိတ်တဲ့နေရာက ကွင်းပဲ့သွားလို့ စူပါဂလူးနဲ့ ကပ်နေတယ်။ စူပါဂလူးနဲ့ ကပ်ရင်းကပ်ရင်းနဲ့ သူ့လက်ညှိုးပါ ကော်တွေပေကုန်ပြီး ဆွဲခွာမရဖြစ်နေတယ်။

အဖေ ။ ။ ဟော့... မိန်းမရေ... ငါ့လက်ညှိုး စူပါဂလူးနဲ့ ကပ်မိပြီ။ ခွာလို့မရ ဖြစ်နေပြီ။ အဲဒီကော်ဘူးအညွှန်းမှာ ဒီလိုဖြစ်ရင် ဘာလုပ်ရမလဲ။ ငါ့ဖတ်ပြစမ်း။

အမေ ။ ။ အဖေကြီးရေ... အညွှန်းမှာ ရေးထားတာက အဲဒီလိုဖြစ်ရင် အနီးဆုံးဆရာဝန်နဲ့ တိုင်ပင်ပါတဲ့။

❖

mgyoe.com

mgyoe.com


# အစိုးရအလုပ်ဆိုတာ

မောင်ကကြီးတစ်ယောက် သူ့ရုံးက စတိုထဲမှာ ရှေးခေတ်သုံး မီးအိမ်တစ်ခု သွားတွေ့တယ်။ အဲဒီမီးအိမ်က ရိုးရိုးမီးအိမ်မဟုတ်ဘူး။ အာလာဒင်မီးအိမ်။ ဒါကို မောင်ကကြီးမသိဘူး။ ဟိုပွတ်ဒီပွတ် အဝတ်စုတ်နဲ့ ပွတ်ပေးရင်း မီးခွက်စောင့်နတ်သား အာလာဒင် ထွက်လာတယ်။ ထုံးစံအတိုင်း မောင်ကကြီးကို ဆုသုံးခုတောင်းခိုင်းတယ်။ မောင်ကကြီးကလည်း အစိုးရအမှုထမ်း စာရေးလေးဆိုတော့ ချမ်းချမ်းသာသာနေချင်တာပေါ့။ ဒါကြောင့် ဆုသုံးခုတောင်းလိုက်တယ်။

ပထမဆုတောင်း ။ ။ ရေခဲစိမ်ဘီယာ သောက်ချင်တယ်။ ရတယ်။

ဒုတိယဆုတောင်း။ ။ မိန်းမလှလေးတွေ အပြည့်နဲ့ ကျွန်းတစ်ကျွန်းပေါ်

mgyoe.com

mgyoe.com



ရောက်ချင်တယ်။ ရောက်
သွားတယ်။ လှတပတ
တွေမှ အများကြီး။
တတိယဆုတောင်း။ ။ ဘာအလုပ်မှ မလုပ်ရတဲ့
ကိုယ် ဖြစ်လိုပါ၏။

အဲဒီဆုလည်း တောင်းလိုက်ရော မောင်ကကြီး တစ်ယောက် မူလအတိုင်း အစိုးရရုံးစာရေးလေး ပြန်ဖြစ်သွားပါလေရော။

❖

mgyoe.com

mgyoe.com


# ပိုမြန်အောင် မောင်းပြေးပါ့မယ်

ရဲအရာရှိ မစ္စတာဂျွန် ရဲသားသစ်လာလျှောက်သူတွေကို တွေ့မေးနဲ့ ရွေးနေပါတယ်။ စုစုပေါင်း လျှောက်ကြတာက ငါးယောက်။ ပထမဆုံးလျှောက်လွှာရှင်ကို မစ္စတာဂျွန် မေးလိုက်တယ်။ ဘာကြောင့် ရဲတပ်ဖွဲ့ထဲ ဝင်ချင်သလဲ ဘာညာပေါ့။ လူသစ်က ကောင်းကောင်းဖြေနိုင်တယ်။ အဲဒီမှာ မစ္စတာဂျွန် အားတက်ပြီး ဒုတိယမေးခွန်းမေးတယ်။

မစ္စတာဂျွန် ။ ။ ကဲ... အဝေးပြေးလမ်းမတစ်နေရာမှာ မောင်ရင့်ကင်းလှည့်ကားနောက်ကို လူဆိုးဂိုဏ်းဝင်တွေက တစ်နာရီ မိုင် ၇၀ နှုန်းနဲ့ လိုက်လာတယ်ဆိုပါတော့။ မောင်ရင် ဘာလုပ်မလဲ။

လူသစ် ။ ။ တစ်နာရီ မိုင် ၈၀ နှုန်းနဲ့ မောင်းပြေးပါ့မယ် ဆရာ။

❖

mgyoe.com

mgyoe.com



## ၂၀၇ ဘတ်စ်ကား တောင်ဥက္ကလာကို မရောက်ပါ

ကိုကြွက်နဲ့ မဖြိုး ဇနီးမောင်နှံ သူတို့ရဲ့သားလေးကို ပုဂ္ဂလိကကျောင်းကောင်းကောင်းတစ်ခုမှာ ထားချင်လို့ သွားအပ်ကြတယ်။ အဲဒီကျောင်းမှာက တကယ့်ဂရိတ်တွေရဲ့ သားသမီးတွေကိုထားတာ။ ကျောင်းဧည့်ခန်းထဲမှာ သူတို့လိုပဲ ကျောင်းအပ်ချင်တဲ့ ဇနီးမောင်နှံတွေ အများကြီး။ ဟိုအကြောင်းဆွေးနွေး၊ ဒီအကြောင်းဆွေးနွေး။

အဲဒီမှာ အဲဒီစကားဝိုင်းက ဂီတပညာရှင်ကြီး မိုးဇတ်အကြောင်း ရောက်သွားတယ်။ ထိုင်နေတဲ့ ကလေးအမေတစ်ဦးက ဘာပြောသလဲဆိုရင်...

ကလေးအမေ။ ။ မိုးဇတ်ဟာ တကယ့်ကို အံ့မခန်းတော်တာနော်။

မဖြိုး ။ ။ သိပ်ဟုတ်တာပေါ့။ မနက်က တောင် ဘတ်စ်ကားဂိတ်မှာ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# လူတိုင်း ပျော်သန်းနိုင်ပါပြီ

ခြောက်နှစ်ရွယ် တူမလေးကို လေဆိပ်လိုက်ပို့ပါတယ်။ လော့စ်အိန်ဂျလိစ်က ပြန်လာမယ့် သူ့အမေကို ကြိုဆိုဖို့ပါ။ ကျောင်းနေစဆိုတော့ ကျွန်မတူမလေးဟာ စပ်စပ်စုစု အင်မတန်မေးမြန်းတတ်ပါတယ်။

ကျွန်မ ။ ။ ကဲ... သမီးရေ၊ မေမေ ပြန်လာတော့မယ်။ ဒီနေရာက ထိုင်စောင့်ရအောင်နော်။

တူမ ။ ။ ဟုတ်ကဲ့ အန်တီ။ ဟိုလေ လုံးလုံးကြီးက ဘာလဲဟင်။

ကျွန်မ ။ ။ အဲဒါ လေယာဉ်ပျံပြင်တဲ့ရုံပေါ့ သမီးရဲ့။

တူမ ။ ။ ဒါနဲ့ အန်တီကရော လေထဲ ပျံ

mgyoe.com

mgyoe.com


နိုင်လား။

ကျွန်မ ॥ ॥ မပျံနိုင်ပါဘူးကွယ်။

တူမ ॥ ॥ ဒါဖြင့် မေမေရောဟင်…. အန်တီ။

ကျွန်မ ॥ ॥ မေမေလည်း မပျံနိုင်ပါဘူး ကွယ်။

တူမ ॥ ॥ ဒါဖြင့် အန်တီရယ်၊ ဟိုလေ ယာဉ်ပျံကြီးဘေးမှာ 'လူတိုင်း ပျံသန်းနိုင်ပါပြီ' လို့ ဘာကြောင့် ရေးထားတာလဲ။

❖

mgyoe.com

mgyoe.com


## မရှိတာက ဆံပင်ပါ

ကျွန်မသူငယ်ချင်း ဆယ်လီ ငွေလော့ကတ်သီးလေးတစ်ခု ဆွဲထားပါတယ်။ လော့ကတ်သီးက ရှည်ရှည်မျောမျော ချစ်စရာလေးဆိုတော့ ကျွန်မလည်း မစပ်စုဘဲ မနေနိုင်ပါဘူး။ ဒါနဲ့ မိန်းမတို့ထုံးစံ စပ်စုမိတော့တာပေါ့။

ကျွန်မ ။ ။ ဟဲ့... ဆယ်လီ၊ နင့်လော့ကတ်ကလေး လှလိုက်တာဟယ်။

ဆယ်လီ ။ ။ မြှောက်ပြောမနေနဲ့နော်။

ကျွန်မ ။ ။ တကယ်ပါဟ... အထဲမှာ ဘာတွေ ထည့်ထားသေးလဲ။

ဆယ်လီ ။ ။ ငါ့ယောကျ်ား ကိုကြွက်ရဲ့ ဆံပင်တွေပါဟယ်၊ အမြတ်တနိုးပေါ့။

mgyoe.com

mgyoe.com


ကျွန်မ ။ ။ ဟဲ့ ကိုကြွက်က အသက်ရှိသေးတာပဲ။

ဆယ်လီ ။ ။ မှန်တယ်လေ၊ သူကသာ ရှိနေသေးတာ။ သူ့ဆံပင်တွေကမှ မရှိတော့ဘဲ။

mgyoe.com

mgyoe.com


## ဒီတစ်ခါမကြိုက်တာ ငါ့အဖေပါ

ဖရက်ဒ်ဟာ အသက် ၃၂ နှစ်ရှိပါပြီ။ ခုထက်ထိ လူပျိုကြီးပါ။ ဒါနဲ့ ကျွန်တော်လည်း မနေနိုင်ဘဲ စပ်စု ရတော့တာပေါ့။

ကျွန်တော်။ ။ ဟော့... ဖရက်ဒ် မောင်ရင် ဘာလို့ မိန်းမ မယူသေးတာလဲ။ မင်းနဲ့သင့်တော်မယ့် မိန်းမ မတွေ့သေးလို့လား။

ဖရက်ဒ် ။ ။ ငါကြိုက်တဲ့ မိန်းကလေးတွေ တွေ့တာတော့ အများကြီးပေါ့ သူငယ်ချင်းရာ။ ဒါပေမဲ့ အဲဒီ မိန်းကလေးတွေ အိမ်ခေါ်ခေါ် သွားတိုင်း ငါ့အမေက မကြိုက်

mgyoe.com

mgyoe.com


ဘူးကွ။ ငါ့မှာ အဲဒါနဲ့ တစ်ကိုယ်တည်း လူပျိုကြီး ဖြစ်နေရတာပါကွာ။

ကျွန်တော်။ ။ မင်းကလည်းကွာ၊ ဒါများအဆန်းလုပ်လို့။ ဒီမှာ ငါ အကြံတစ်ခုပေးမယ်။ မင်းလုပ်မလား။

ဖရက်ဒ် ။ ။ ပြောလေသူငယ်ချင်းရာ၊ လုပ်သင့်လုပ်ရတာပေါ့။

ကျွန်တော်။ ။ မင်းအမေနဲ့ ချွတ်စွပ်တူတဲ့ မိန်းမတစ်ယောက်ကို ခေါ်သွား။ ဒါဆို အဘွားကြီး သေချာပေါက် သဘောကျလိမ့်မယ်။ အဘွားကြီး သဘောကျပြီဆိုတာနဲ့ မင်းလည်း လူပျိုကြီးဘဝကကျွတ်ရော။

ဖရက်ဒ် ။ ။ ဟုတ်ပ့ါမလား သူငယ်ချင်းရာ။

ကျွန်တော်။ ။ စမ်းကြည့်ပါ ကိုယ့်လူရ။

လအနည်းငယ်ခန့်ကြာသောအခါ

ကျွန်တော်။ ။ ဟော့… သူငယ်ချင်း မင်းမိန်းမရပြီလား။

mgyoe.com

mgyoe.com


ဖရက်ဒ် ။ ။ မရသေးဘူးကွ။

ကျွန်တော်။ ။ ဟေ့ ဘာဖြစ်လို့လဲ သူငယ်ချင်းရ။

ဖရက်ဒ် ။ ။ မင်းပြောသလို အမေနဲ့ ချွတ်စွပ်တူတဲ့ မိန်းမရှာပြီး အိမ်ကို ခေါ်သွားတယ်ကွာ။

ကျွန်တော်။ ။ အဲဒီတော့...

ဖရက်ဒ် ။ ။ အဲဒီတော့ အဖေက သဘောမကျပြန်ဘူးလေကွာ။

❖

mgyoe.com

mgyoe.com


## ဘုရားသခင်ကို ယုံပြီလား

ဘာသာတရားကိုင်းရှိုင်းတဲ့ အမျိုးသမီးကြီးတစ်ယောက် သူ့အိမ်ရှေ့ဝရန်တာထွက်ပြီး ဘုရားသခင်ထံ ဆုတောင်းလေ့ရှိပါတယ်။ သို့သော်လည်း သူနဲ့ အိမ်ချင်းကပ်နေတာက ဘုရားမရှိ တရားမရှိ ပုဂ္ဂိုလ်ကြီး တစ်ယောက်ပါ။

အမျိုးသမီး။ ။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြ။

ပုဂ္ဂိုလ် ။ ။ ဘုရားဆိုတာ မရှိဘူးဗျို့။

အမျိုးသမီး။ ။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို သိတတ်ကြ။

ပုဂ္ဂိုလ် ။ ။ သြော်... ခက်ပါပြီ။ ဒီကမ္ဘာမှာ ဘုရားမှမရှိဘဲ။

အမျိုးသမီး။ ။ အရှင်ဘုရား တပည့်တော်မ ဆာလောင်မွတ်သိပ်နေပါပြီ။

mgyoe.com

mgyoe.com



စားစရာလေးများ ပေးသနား
တော်မူပါဘုရား။

အမျိုးသမီးကြီးရဲ့ ဒီဆုတောင်းကိုကြားတော့ ဘုရားမဲ့ တရားမဲ့ပုဂ္ဂိုလ်ကြီးဟာ သနားစိတ်ပေါ်လာပြီး မုန့်မျိုးစုံကို အိတ်တစ်လုံးနဲ့ထည့်။ အဲဒီအမျိုးသမီးကြီးရဲ့အိမ်ရှေ့မှာ သွားချထားလိုက်ပါတယ်။ မနက်မိုးလင်းရော အမျိုးသမီးကြီး အိမ်ရှေ့တံခါးဖွင့်၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းဖို့ထွက်အလာ မုန့်အိတ်ကြီးကို တွေ့ရပါလေရော။

အမျိုးသမီး။ ။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူး
တော်ကြောင့် ဝဝလင်လင် စား
ရတော့မယ်။

ပုဂ္ဂိုလ် ။ ။ ဘုရားသခင်ကြောင့် မဟုတ်ဘူး
ဗျို့။ အဲဒီမုန့်တွေက ကျုပ်ပို့
ထားတာ။ မရှိမဲ့ ရှိမဲ့နဲ့ ဝယ်ထား
ရတာတွေ။

အမျိုးသမီး။ ။ ဩော်... ဘုရားသခင်ဟာ တန်
ခိုးတော် အနန္တနဲ့ ပြည့်စုံလေတာ
ပဲ။ ဒီလို မိစ္ဆာဒိဋ္ဌိမျိုးကိုလည်း
ဒဏ်ခတ်တော်မူပါသေးတယ်။

❖

mgyoe.com

mgyoe.com


## အဝေးထိန်းခလုတ် (ရီမုတ်ကွန်ထရိုး) သာ ဝယ်ပေးလိုက်ပါ

ကျွန်မသူငယ်ချင်း ကိုကြွက်ရဲ့မွေးနေ့ နီးလာပါပြီ။ သူ့ သမီးလေး မယ်ကြွက်ကို လက်ဆောင်ဝယ်ပေးဖို့ သတိပေးရပါတယ်။

ကျွန်မ ။ ။ ဟဲ့... မယ်ကြွက်၊ ညည်းအဖေ မွေးနေ့နီးလာပြီနော်။

မယ်ကြွက်။ ။ ဟုတ်ကဲ့ပါအန်တီ။

ကျွန်မ ။ ။ ဒါဆို ညည်းလက်ဆောင်တစ်ခုခု အဖေ့အတွက် ဝယ်ပေးလိုက်ဦးလေ။

မယ်ကြွက်။ ။ ဘာဝယ်ပေးရမလဲ အန်တီ။

ကျွန်မ ။ ။ ဟဲ့ ဒါ သမီးလုပ်တဲ့သူ သိရမှာ

mgyoe.com

mgyoe.com


ပေါ့။ ဥပမာ... ညည်းအဖေ စာတွေ သိပ်ရေးရသလား ဘောပင်အကောင်းစား ဝယ်ပေးလိုက်။

မယ်ကြွက်။ ။ မရေးရဘူး အန်တီ။

ကျွန်မ ။ ။ ဒါဖြင့် စာတွေရော သိပ်ဖတ်သလား။

မယ်ကြွက်။ ။ ဟုတ်ကဲ့... မဖတ်ပါဘူး အန်တီ။ ဖေဖေက ညဆို အစောကြီး အိပ်တာ။ ဘာစာမှ ဒီလောက်ဖတ်တာမဟုတ်ဘူး။

ကျွန်မ ။ ။ ဒါဆို... ဒါဆို...

မယ်ကြွက်။ ။ သိပြီ... အန်တီ ကျွန်မသိပြီ။

ကျွန်မ ။ ။ ဟုတ်ပြီ... အဲဒီတော့ ဘာဝယ်ပေးရမှာလဲ။

မယ်ကြွက်။ ။ အဝေးထိန်းခလုတ် (ရီမုတ်ကွန်ထရိုး) ဝယ်ပေးရမှာ အန်တီ။

❖

mgyoe.com

mgyoe.com




## အနီးဆုံးလူကို အကြောင်းကြားလိုက်ပါ

ဦးကြွက်တစ်ယောက် အလုပ်သွားလျှောက်ပါတယ်။ ထုံးစံအတိုင်း ပုံစံတွေ ဖြည့်ရတာပေါ့။ ပုံစံမှာပါတဲ့ မေးခွန်းတစ်ခုက...

မေးခွန်း ။ ။ အလုပ်လုပ်ကိုင်စဉ် မတော်တဆ ဒဏ်ရာရခဲ့သော် အကြောင်းကြားရမည့်ပုဂ္ဂိုလ်။

ကိုကြွက်က ခပ်ပြုံးပြုံးနဲ့ အောက်ပါအတိုင်း အဖြေပေးလိုက်ပါတယ်။

အဖြေ ။ ။ အနီးအနားက တွေ့တဲ့လူတစ်ယောက်ယောက်ကို အကြောင်းကြားပေးပါ... တဲ့။

❖

mgyoe.com

mgyoe.com


# ရာနှုန်းပြည့်

ဩစတြေးလျနိုင်ငံအလယ်ပိုင်းက မြို့နှစ်မြို့ရဲ့ မြို့တော်ဝန်နှစ်ယောက်အကြောင်းပါ။ ‘က’မြို့က မြို့တော်ဝန်ဟာ အနီးအနားမှာရှိတဲ့ ‘ခ’မြို့က မြို့တော်ဝန်ထံ သွားလည်ပါတယ်။ ‘ခ’မြို့ရဲ့ မြို့တော်ဝန်အိမ်ရောက်တော့ ‘က’မြို့တော်ဝန်ဟာ တော်တော်လေး အံ့အားသင့်သွားသလို သဘောလည်းကျသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ‘ခ’မြို့တော်ဝန်ရဲ့အိမ်ဟာ သိပ်ကောင်းပြီး ဝင်းခြံကြီးကလည်း အကျယ်ကြီးမို့လို့ပါ။ ဒါနဲ့ ‘က’ မြို့တော်ဝန်က မေးရတာပေါ့။

‘က’မြို့တော်ဝန်။ ။ နောင်ကြီးရယ်၊ ခင်ဗျား တိုက်ကြီးကလည်း သိပ်ကောင်း၊ ဝင်းခြံကလည်း ကျယ်မှကျယ်၊ စီးတဲ့ကားကလည်း အဖိုးထိုက် အဖိုးတန်။ ဒီလိုမျိုးနေရဖို့ ဘယ်လိုများ...

mgyoe.com

mgyoe.com


'ခ'မြို့တော်ဝန် ။ ။ (ဧည့်ခန်းကျယ်ကြီးရဲ့ ပြတင်းပေါက်ကို ဖွင့်ပြ ရင်း) ဟောဟိုမှာ တံတား မြင်လား။

'က'မြို့တော်ဝန် ။ ။ ဟုတ်ကဲ့ မြင်ပါတယ်။

'ခ'မြို့တော်ဝန် ။ ။ ငါးရာခိုင်နှုန်း၊ ပေါက် တယ်နော်။

'က'မြို့တော်ဝန် ။ ။ ပေါက်ပါပြီ၊ ပေါက်ပါပြီ။

ဒီလိုနဲ့ တစ်နှစ်လောက် ကြာသွားပါတယ်။ ဒီ တစ်ခါတော့ 'ခ'မြို့တော်ဝန်က 'က'မြို့တော်ဝန်ထံ သွားလည်တာပါ။ ဟိုရောက်တော့ 'က'မြို့တော်ဝန်ရဲ့ အိမ်ကို သူကောင်းကောင်း မမှတ်မိတော့ဘူး။ 'က' မြို့တော်ဝန်ရဲ့အိမ်နေရာမှာ ကောင်းပေ့ဆိုတဲ့ တိုက် ကြီးတစ်လုံး ဟည်းဟည်းထလို့။ ဒါနဲ့ သေချာအောင် မေးကြည့်တော့ ဟုတ်တယ်။ ဒါ 'က'မြို့တော်ဝန်ရဲ့ အိမ်ပဲ။ 'ခ' မြို့တော်ဝန်ကြီးလည်း ဒီတော့မှ စိတ်ချ လက်ချနဲ့ 'က' မြို့တော်ဝန်ရဲ့အိမ်ထဲ ဝင်သွားတယ်။ ဧည့်ခန်းကလည်း ဖိတ်ဖိတ်ကိုလက်လို့။ 'က'မြို့တော် ဝန်ကလည်း သူ့ရောင်းရင်းကြီး 'ခ'မြို့တော်ဝန်ကို လှိုက်လှိုက်လှဲ လှဲပဲကြိုပါတယ်။ ဝမ်းသာအားရနဲ့။ နှစ်ယောက်သား ထိုင်ပြီး ဟိုအကြောင်း ဒီအကြောင်း

mgyoe.com

mgyoe.com



လေးတွေ ပြောကြရင်း 'ခ မြို့တော်ဝန်က စပ်စုလိုက်တယ်။ ဒီတစ်ခါ သူ့အလှည့်ရောက်ပြီကိုး။

'ခ မြို့တော်ဝန် ။ ။ ညီလေးရယ်... ဒီတစ်နှစ်အတွင်းမှာ ညီလေးရဲ့ လူနေမှုအဆင့်အတန်း မြင့်သွားလိုက်တာ။ တိုက်ကြီးကလည်း ဟည်းဟည်းထလို့။ ခြံကြီးကလည်း ဧရာမ။ ကားရုံထဲမှာလည်း ရိုးလ်စ်ရွိုက်စ်က နှစ်စီး။ ဘယ်လိုများ...

'က မြို့တော်ဝန် ။ ။ (ဧည့်ခန်းကျယ်ကြီးရဲ့ ပြတင်းပေါက်ကို ဖွင့်ပြရင်း) ဟောဟိုမှာ တံတားတွေ့လား။

'ခ မြို့တော်ဝန် ။ ။ (ဘာတံတားမှမတွေ့လို့) ဘယ်မှာလဲ တံတား။ ဘာမှလည်း မတွေ့ရပါလား။

'က မြို့တော်ဝန် ။ ။ ၁၀၀ ရာခိုင်နှုန်း။

❖

mgyoe.com